# မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်ကျင်းပသော ခြောက်ကြိမ်မြောက် မက်သဒစ်ကျောင်းသား-ကျောင်းသူဟောင်းများ တွေ့ဆုံပွဲသို့ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည် တက်ရောက်






မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်ကျင်းပသော ခြောက်ကြိမ်မြောက် နိုင်ငံတကာရောက် မက်သဒစ်ကျောင်းသား-ကျောင်းသူဟောင်းများ တွေ့ဆုံပွဲကို ဇန်နဝါရီလ ၅ ရက်နှင့် ၆ ရက်၊ ညနေ ၅ နာရီခွဲ၌ ရှိုင်ရယ်ဂါးဒင်းတွင် ကျင်းပခဲ့ရာ ကျောင်းသူဟောင်းတစ်ဦး ဖြစ်သော အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည် တက်ရောက်ခဲ့သည်။ (ပုံ)

မက်သဒစ်ကျောင်း (Methudist English High School-MEHS) ကျောင်းသား-ကျောင်းသူဟောင်းများ တွေ့ဆုံပွဲကို ယခင်နှစ်များက ပြည်ပနိုင်ငံများတွင် ပြုလုပ်ခဲ့သော်လည်း ယခုနှစ် ခြောက်ကြိမ်မြောက်ကို မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ် စတင်ကျင်းပခဲ့ခြင်း ဖြစ်သည်။ တွေ့ဆုံပွဲသို့ ဆရာ-ဆရာမဟောင်းများ၊ ကျောင်းသား-ကျောင်းသူဟောင်းများ တက်ရောက်ခဲ့ကြသည်။ ကျောင်းသူဟောင်း တစ်ဦးဖြစ်သော ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်၏ စွမ်းဆောင်မှုများကို ကျောင်းသားဟောင်းအဖွဲ့က ဂုဏ်ပြုဆု ချီးမြှင့်ပေးအပ်ခဲ့သည်။

တွေ့ဆုံပွဲခန်းမသို့ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဝင်ရောက်လာသည်နှင့် တက်ရောက်လာသူများက လက်ခုပ်တီး၍ ဂုဏ်ပြုကြိုဆိုခဲ့ကြသည်။ တွေ့ဆုံပွဲတွင်ကျောင်းသားဟောင်းအဖွဲ့က မြန်မာနိုင်ငံ၏ ပညာရေးကဏ္ဍ တိုးတက်ရေးအတွက် ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးမည်ဟု ပြောဆိုခဲ့သည်။ ခုနစ်ကြိမ်မြောက် တွေ့ဆုံပွဲကို မြန်မာနိုင်ငံတွင်ပင် ပြုလုပ်မည်ဟု သိရသည်။